

ကိန္နရီလစဉ်
မင်းမြတ်သူရ
တောင်တော်ရှင်မ
ပန်းချီ
ဇမ္ဗူမင်း


တစ်နေ့သ၌တရုတ်ပြည်ဟူးကောင်ချိုင့်ဝှမ်း
အတွင်းရှိလူမျိုးစုခေါင်းဆောင်ကြီး၏နေအိမ်တွင်
ဧည့်သည်များဖြင့်စည်ကားလျက်ရှိ၏။ထိုနံနအိမ်
ကြီး၏အနောက်ဘက် ဧည့်ခန်းတွင် ကဆာ ဟုခေါ်
သောအောင်သွယ်များကိုလက်ခံတွေ့ဆုံနေခြင်း
ဖြစ်သည်။သူ၏တစ်ဦးတည်းသောသမီးဖြစ်သူ
ဆွန်လွတ်မရော်ကိုလက်ထပ်ရန်ကမ်းလှမ်းသည့်
ကိစ္စအားအဖြေပေးရန်တစ်ပတ်တင်းတင်းပြည့်သော
နေ့လည်းဖြစ်၏။


မျိုးနွယ်စုခေါင်းဆောင်ကြီး၏ရှေ့တွင်ကဆာအဖွဲ့မှယူဆောင်လာသောဂျာဖဂါ(ခေါ်)ကညာကြေးလက်ဆောင်ပစ္စည်းများကိုလုံးဝမကြည့်ဘဲအဝေးသို့သာငေးကြည့်နေသဖြင့်အဖြေစောင့်ဆိုင်းနေသောကဆာအဘိုးကြီးနှင့်အဖွဲ့သည်စိတ်လှုပ်ရှားနေရ၏။




ထိုအခါသတိုးသားဘက်မှကဆာ(ခေါ်)အောင်သွယ်အဘိုးကြီးသည်ဝမ်းမြောက်ဝမ်းသာဖြစ်သွားလေ၏။ မျိုးနွယ်စုခေါင်းဆောင်ကြီးကလည်းစိတ်ထားမြင့်မြတ်ပြီးအမျိုးကောင်းသားဖြစ်ကြောင်းချီးမွမ်းပြောဆိုလေ၏။



ထို့နောက်သတို့သားဘက်မှပေးအပ်
သောဂျာဖဂါ(ခေါ်)ကညာကြေး
လက်ဆောင်ကိုလက်ခံယူလိုက်ပြီး...



လက်ထက်ပွဲကိုသဘောတူလက်ခံကြောင်းအနေဖြင့်
ကဆာအကိုးကြီးကိုဓားတစ်ချောင်းနှင့်လှံတစ်ချောင်းကို
ပြန်လည်ပေးအပ်လေ၏။



ထို့နောက်လက်ထပ်မင်္ဂလာပွဲအတွက်ရက်မြတ်မင်္ဂလာကိုသတ်မှတ်လိုက်ကြလေတော့၏။



ကဆာအဖွဲ့ပြန်သွားသောအခါမျိုးနွယ်စုခေါင်းဆောင်ကြီး၏မိန်းမဒူဂျန်သည်ဧည့်သည်များရှေ့တွင် ထိန်းချုပ်ထားခဲ့သောသူ၏ဆန္ဒများပေါက်ကွဲရင်ဖွင့်လေတော့၏။







မဖြစ်နိုင်ဘူး ဒီကောင်ကမွေးစား သားပီပီငါတို့မျိုးနွယ်စဝင် မဟုတ်သလိုငါတို့အယူ အဆတွေကိုလည်းလက်ခံ နိုင်စွမ်းမရှိတဲ့ ကောင်...
ဘာပဲဖြစ်ဖြစ်... ခေါင်လွှမ်းဟာယောကျ်ား ကောင်းတစ်ယောက် ရဲ့အရည်အချင်း တွေအပြည့်ရှိပါ တယ်...
ခေါင်လွှမ်းရဲ့စိတ် ကိုငါသိတယ်။သူဟာငါတို့ အရပ်ဒေသမှာနေမဲ့သူမဟုတ် ဘူး။သူ့စိတ်အာရုံဟာအမြဲတမ်း ကမ္ဘာအနှံ့မှာရှိတဲ့နေရာဒေသ တွေကိုပဲစိတ်ဝင်စားနေတဲ့ သူ...
ရှင်... သူ့ကိုစည်းရုံး သိမ်းသွင်းဖို့ မကြိုးစားတော့ ဘူးလား...


မျိုးနွယ်စုခေါင်းဆောင်ကြီးသည်လေးတွဲစွာခေါင်းကို ခါရမ်းလိုက်ပြီး...
သူ့ကို ဘယ်လိုလူမျိုးမှ ပြုပြင်ပြောင်းလဲပေးလို့ ရမှာမဟုတ်ဘူး အလွန်ခေါင်းမာတဲ့ကောင် ကွ...
ဒါပေမယ့် ရှင်ရဲ့တန်ဖဲဆိုတဲ့ ကောင်ကရုပ်ကလည်းဆိုး သလိုအရှိန်အဝါကလည်း ပြောလောက်စရာ မရှိပါဘူး...
အခုမရှိပေမဲ့ နောင်ရှိလာနိုင်တယ်။ဒီကောင် ကလုလည်တစ်ယောက်ပြီးတော့ သူ့လိုလူကိုမျက်စိမှိတ်ပြီးသမက် တော်ဖို့စဉ်းစားရတဲ့အခြား အချက်တစ်ခုလည်းရှိ သေးတယ်...


မျိုးနွယ်စုခေါင်းဆောင်ကြီး၏ပဟေဠိဆန်သောစကားများကြောင့်ဒုဂျန်သည်ဇောဒကမတက်တော့ဘဲစုးစမ်းတွေဝေသွား၏။
ငါ့နယ်မြေ အင်အားကြီးဖို့တန့်ခိုး ထွားဖို့အတွက်မိုးထိတောင်ရဲ့ အနောက်ဘက်အကျဆုံးအပိုင်း ကခေါင်းဆောင်ငယ်ဖြစ်တဲ့ တန့်ဖဲ့ဟာငါ့နယ်မြေလုံခြုံ ရေးအတွက်အရေးပါတဲ့ အရုပ်တစ်ရုပ်ပဲ၊အဲဒါ မင်းသိသလား...



ထိုနေ့မှစ၍မင်္ဂလာပွဲကျင်းပရန်မျိုးနွယ်စုခေါင်းဆောင်ကြီး၏တပည့်များအလုပ်ရှုပ်နေစဉ်တွင်မွေးစားသားဖြစ်သူခေါင်လွမ်းကိုမတွေ့ရသဖြင့်မျိုးနွယ်စုခေါင်းဆောင်ကြီးသည်ခေါင်လွမ်းအကြောင်းစဉ်းစားမိရင်းသက်ပြင်းချမိ၏။



ခေါင်လွမ်းအရွယ်ရောက်စအချိန်လောက်ကဖြစ်သည်။ခေါင်းဆောင်ကြီး၏နေအိမ်သို့မုဆိုးများအုပ်စုဖွဲ့ကာခေါင်လွမ်းအကြောင်းမကျေမနပ်စွာဖြင့်တိုင်ကြားကြ၏။




ဒူမျိုးနွယ်စုဝင်များနှင့်ရောနှော
မနေဘဲမလေ့ထုံးစံများကိုလည်း
မျက်ကွယ်ပြုတတ်သောခေါင်လွမ်း
အကြောင်းအတိုင်ခံရဖန်များလာ
တော့ခေါင်းဆောင်ကြီးသည်လွန်စွာ
ဒေါသူပုန်ထပြီးခေါင်လွမ်းအား
အပြစ်ပေးရန်ခေါ်ယူလိုက်လေ၏။
ခေါင်လွမ်းသည်ဖခင်ခေါင်းဆောင်ကြီးရှေ့သို့ရောက်လာသောအခါ
အဖေကကျုပ်
ကိုစိတ်ဆိုးနေတာကိုး
မုဆိုးတွေဆီကသားကောင်
လိုက်တဲ့အတတ်ပညာကို
စိတ်မဝင်စားဘဲရှောင်ပြေး
နေတယ်လို့အဖေထင်နေ
တယ်မဟုတ်လား...
မင်းဘယ်
တုန်းကငါတို့နောက်
လိုက်ပြီးအမဲလိုက်
ပညာသင်ယူခဲ့ဖူးလို့လဲ


ထိုအခါခေါင်းဆောင်ကြီးသည်မုဆိုးများနှင့်အတူတောထဲသို့လိုက်ဖူးသောလူငယ်များကိုခေါ်ယူ၍တော၏ပရိယာယ်များကိုမေးမြန်းလေ၏။လူငယ်လေးများကရင်းတို့သိကျွမ်းသမျှအစွမ်းကုန်ဖြေဆိုသွားကြလေ၏။
အဖေစိတ်ထဲရှင်းသွားအောင်ကျုပ်ကိုသားကောင်လိုက်တဲ့အတတ်ပညာနဲ့ပတ်သက်ပြီးကြိုက်တဲ့မေးခွန်းမေးပါ။ဒါပေမဲ့ကျုပ်ကိုမမေးခင်တောထဲလိုက်သွားဖူးတဲ့ရွာထဲကကျုပ်နဲ့ရွယ်တူလူငယ်တွေကိုအရင်မေးကြည့်ပါ...
သူတို့ကိုမေးပြီးမှကျုပ်ကိုလာမေးပါကျုပ်ရဲ့အဖြေဟာသူတို့ကိုမမီဘူးဆိုရင်ကြိုက်သလိုအပြစ်ပေးနိုင်ပါတယ်...


ထို့နောက်ခေါင်လွမ်း အလှည့်သို့ရောက်သော အခါခေါင်လွမ်းသည် တော၏ပရိယာယ်များ အပြင်သားကောင်လိုက် ရာတွင်စောင့်ထိန်းရသော စည်းကမ်းအချက်အလက် စေ့စပ်သေချာစွာဖြေဆို သွားနိုင်၏။
ထိုအခါခေါင်းဆောင်ကြီး သာမကတောလိုက်မုဆိုး များပင်တအံ့တသြဖြစ်ရ လေ၏။
မင်းဒီပညာ ရပ်တွေကိုဘယ်တုန်း ကဘယ်သူ့ဆီမှာ သွားသင်ခဲ့တာလဲ ခေါင်လွမ်း
ဟဲ ဟဲ ဟဲ ကျုပ်ဆရာကအဖေရဲ့ လားတွေကိုထိန်းပေး တဲ့တိဘက်ကြီးပဲ ပေါ့...


လားထိန်းတိဘက်ကြီးသည်လူထူးဆန်းကြီးတစ်ဦးဖြစ်သည်။ခေါင်းဆောင်ကြီးထံတွင်လားထိန်းအဖြစ်ရရှိသောငွေကြေးမှာမက်လောက်စရာမရှိသော်လည်းလွန်စွာဝေးလံလှသောတိဘက်မှဤဒေသသို့အရောက်လာပြီးအလုပ်လုပ်နေသူတစ်ဦးဖြစ်၏။လွန်ခဲ့သောခုနှစ်နှစ်ခန့်ကပင်ခေါင်းလွမ်းသည်တိဘက်ကြီးထံသို့ဝင်ထွက်သွားလာရင်း...ကမ္ဘာလောကကြီးအကြောင်းကိုရှုထောင့်စုံမှသင်ပြခြင်းကိုခံယူခဲ့လေ၏။
ပညာရပ်များစွာစုံလင်လွန်းလှသဖြင့်...ခေါင်းလွမ်း၏စိတ်ထဲ၌လူ့လောကတွင်လားထိန်းတိဘက်ကြီးမသိသောအရာမရှိဟုပင်ထင်မြင်မိလေတော့၏။


ယခုလည်းလူအများကမင်္ဂလာပွဲအတွက်ပြင်ဆင်အလုပ်ရှုပ်နေချိန်တွင်ခေါင်လွမ်းသည်တိဘက်ကြီးထံတွင်ရောက်ရှိနေ၏။
ကျုပ်အစ်မရဲ့လက်ထပ်မင်္ဂလာပွဲကိုဘယ်လိုမြင်သလဲ
လောကမှာမြင်တဲ့အတိုင်းလျှောက်ပြောလို့မရဘူးကွ၊လူဆိုတာပါးစပ်စည်းကမ်းရှိရတယ်...
ကျုပ်သိချင်လို့ပါဗျာ၊မင်္ဂလာပွဲဟာရှေ့ဆက်ပြီးဘယ်လိုဖြစ်မယ်ထင်သလဲ...
ငါကအနာဂတ်ကိုမြင်တဲ့ဗေဒင်ဆရာမှမဟုတ်တာ...




တိဘတ်ကြီးသည်ခေါင်လွမ်းကိုကြည့်ပြီးသဘောကျစွာရယ်မောလာ၏။ထို့နောက်လွန်စွာစိတ်ဝင်စားဖွယ် ကောင်းအောင်မင်္ဂလာပွဲကိုသုံးသပ်ပြလေ၏။




တကယ်တော့ ဒီမင်္ဂလာပွဲဟာရည်ရွယ် ချက်ကြီးတဲ့သူနှစ်ယောက် အားပြိုင်တဲ့ပွဲဆိုရင်ပိုမှန် လိမ့်မယ်...
အဲ့ဒီ... နှစ်ယောက်ဆိုတာ
မင်းအဖေနဲ့ သတို့သားလောင်းတန်ဖဲကို ပြောတာပေါ့၊မင်းရဲ့အဖေဟာ ချမ်းသာကြွယ်ဝပြီးသူ့ရဲ့ကြီးမား ကျယ်ပြန့်လှတဲ့ပိုင်နက်ကိုလုံ ခြုံဖို့အမြဲကြိုးစားနေတဲ့သူ ဆိုတာတော့မင်း သိမှာပေါ့...
ဖခင်အကြောင်းအနီးကပ်နေသူမို့တိဘက်ကြီး၏ စကားကိုခေါင်လွမ်းလက်ခံခေါင်းညိတ်မိ၏။


မင်းအဖေက သူ့နယ်မြေလုံခြုံရေးအတွက် ခေါင်းဆောင်ငယ်တစ်ဦးဖြစ်တဲ့ တန်ဖဲကိုသိမ်းသွင်းချင်တဲ့ ဆန္ဒရှိတယ်။ဒါကိုတန်ဖဲကသိလို့ သူလိုအဆင့်နဲ့မင်းအစ်မကို လာတောင်းရမ်းဝံ့တာ ပဲ...
ဒါကြောင့်လည်း အဖေကသဘောတူ လိုက်တာကိုး
ဒါဟာတန်ဖဲရဲ့ အောင်မြင်မှုတစ်ခုလို့ ပြောနိုင်သလိုသူဟာလူလည် တစ်ယောက်ဖြစ်တယ်ဆိုတာ ကိုလည်းထင်ရှားစေတဲ့ အချက်ဖြစ်တယ်...
ခင်ဗျားဟာ အတော်ဉာဏ်ကြီးတဲ့ သူပဲဗျ...


ဟားဟားဟားဟား လူသားတွေရဲ့ဦးနှောက်ဟာ တစ်ယောက်နဲ့တစ်ယောက် မကွာခြားလှပါဘူးကွာ... ဉာဏ်ရည်ဉာဏ်သွေးထက်မြက် တယ်ဆိုတာဦးနှောက်ကိုမကြာ ခဏအသုံးချပြီးထက်မြက် အောင်လေ့ကျင့်ထား လို့ပါ...
ဘယ်လို ဦးနှောက်ကိုလေ့ ကျင့်တယ်... ဟုတ်လား
ထက်မြက်ချင်တဲ့ လူဟာကိုယ့်ကိုယ်ကိုဓား တစ်ချောင်းလိုအမြဲတမ်းသွေးနေ ရတယ်၊ဘဝမှာထက်အောင်သွေး နိုင်တဲ့လူတွေအတွက်ပဲနေစရာ ရှိတယ်...
ထက်အောင် မသွေးနိုင်တဲ့သူတွေက တော့တဖြည်းဖြည်းနဲ့တုံး သထက်တုံးလာပြီးဘဝ ထဲကကွယ်ပျောက် သွားနိုင်တယ်

တိဘက်ကြီးသည်ပြောလက်စစကားကိုခေတ္တရပ်လိုက်ပြီးခေါင်လွမ်းကိုစူးနစ်စွာကြည့်၏။ထို့နောက် သူ၏ထင်မြင်ချက်ကိုလေးနက်စွာအနားသတ်လိုက်၏။




ခေါင်လွမ်းသည်တိဘက်ကြီး၏အမူအရာကိုကြည့်ပြီးထူးခြားမှုကိုရိပ်စားမိသဖြင့်...




တိဘတ်ကြီး၏စကားကြောင့်ခေါင်လွမ်းခေါင်း ရှုပ်သွား၏။
မင်းစဉ်းစား ကြည့်လေတန်ဖိုးတကယ် လိုချင်တာမင်းအစ်မမဟုတ် ဘူး၊မင်းအဖေရဲ့မှန်းအဆင့် ခေါင်းဆောင်ကြီး နေရာ...
ဒီလိုလုပ် လို့ဘယ်ရမလဲ ကျုပ်ဒီကောင်ကို သတ်ပစ်လိုက် မှာပေါ့...
မင်းက လည်းစိတ်စောလွန်း တာကိုးကွာ၊ငါကဖြစ်နိုင် ချေကိုစဉ်းစားကြည့် တဲ့သဘောပါ...


အင်း ဖြစ်နိုင်တာနောက်တစ်ခုကတော့တန်ဖဲအတွက်ကျောက်ဆောင်ကိုခေါင်းနဲ့ဆောင့်သလိုဖြစ်ပြီးတန်ဖဲရဲ့နယ်မြေတွေကိုမင်းအဖေကလက်ဝါးကြီးအုပ်သိမ်းသွင်းပစ်လိုက်နိုင်တယ်...
ဟာဗျာ ခင်ဗျားကလည်းစကားကိုနှစ်မျိုးပြောပြန်ပြီ။စောစောတုန်းကတန်ဖဲကကြောက်စရာကောင်းတယ်။အခုတော့ကျုပ်အဖေကကြောက်စရာကောင်းနေပြန်ပြီ...
ဟားဟားဟား လောကကြီးမှာလမ်းနှစ်သွယ်ကိုအမြဲတမ်းရွေးထားရတယ်ကွ၊တစ်လမ်းမှာဆုံးရှုံးမှုဖြစ်ရင်နောက်တစ်လမ်းကိုအမြန်ဆုံးကူးပြောင်းဖို့အတွက်အသင့်ဖြစ်နေရတယ်။ဒါကြောင့်ဘာပဲလုပ်လုပ်အရှုံးနဲ့အမြတ်ကိုတွေးထားရတယ်...
ကြိုတင်တွေးမထားတဲ့လူဟာအကျအဆုံးများတတ်တယ်ကွ...


အဖေ့ရဲ့ အားသာချက်ကို ထောက်ပြပါဦး
မင်းရဲ့အဖေ ကမှုန်းအဆင့်ရှိတဲ့ခေါင်း ဆောင်ကြီးတစ်ယောက်ပဲ၊သူ့ အနားကိုမျိုးနွယ်စုခေါင်းဆောင် ငယ်တစ်ယောက်ရောက်လာ မယ်ဆိုရင်သတိကြီးကြီး ထားပြီးနေလိမ့် မယ်...
ပြီးတော့ မင်းရဲ့အဖေအနီးမှာ အမြဲရှိနေတဲ့ရွှေကိုယ်ရံတော် နဲ့ငွေကိုယ်ရံတော်ဆိုတာလက် ရုံးရည်နှလုံးရည်ပြည့်စုံပြီး အလွန်ကြောက်စရာကောင်း တဲ့သူတွေ...
နောက်ပြီး တော့မင်းအဖေ ကတန်ဖဲထက်ပိုပြီး လိမ္မာပါးနပ်တယ် ကွ...




ထိုနေ့ညသို့ရောက်သောအခါမဒိုင်နတ်စင်ရှေ့တွင်သတို့သားသတို့သမီးကိုဆုံးမသောအခမ်းအနားနှင့် ရိုးရာနတ်များအားတိုင်တည်သောအခမ်းအနားကိုကျင်းပလေ၏။



မဒိုင်နတ်စင်ရှေ့တွင်ထိုင်နေသော
သတို့သား၊သတို့သမီးကိုနတ်
ဆရာချိုင်ဝါကနတ်များနှင့်မိတ်
ဆက်ပေးပြီသတို့သားနှင့်သတို့
သမီးတို့သည်တစ်ဦးနှင့်တစ်ဦး
အပြန်အလှန်ထမင်းဟင်းများခွံ့
ကြ၏။မင်္ဂလာပွဲပြီးသောအခါ
မင်္ဂလာအောင်သွယ်တော်များဖြစ်ကြ
သည့်ကဆာအဖွဲ့များနှင့်ဧည့်သည်
များကိုနှစ်ဖက်မိဘများမှလက်
ဆောင်အသီးသီးပေးလိုက်ကြ၏။



ထိုနေ့မှာမင်္ဂလာခေါင်ရည်ချက်ရန်အတွက်အအေးခံထားသောကောက်ညှင်းပေါင်းကို ခေါင်ရည်ဖြစ်လာရန်သတို့သမီးကိုယ်တိုင်စီမံထားရ၏။မင်္ဂလာခေါင်ရည်ဖြစ်ရန် စောင့်ဆိုင်းရသောလေးရက်တာကာလအတွင်းသတို့သားနှင့်သတို့သမီးအတူအိပ်စက် ခွင့်မရှိပေ။ခေါင်ရည်ဖြစ်သောနေ့မှပင်အကြင်လင်မယားအရာသို့ရောက်သည်ဟုဆိုရ ပေမည်။




ရုပ်ဝေးမှညှော်သည်များအသီးသီး ပြန်သွားကြသဖြင့်မင်္ဂလာမဏ္ဍပ်ကြီးအတွင်းလူများကျဲပါးသွား၏။ ခေါင်လွမ်းသည်မင်္ဂလာမဏ္ဍပ်၏ထောင့်တစ်နေရာတွင်တစ်ယောက်တည်းခေါင်ရည်ထိုင်သောက်နေစဉ်တန်ဖဲနှင့်တပည့်များရောက်လာကြပြီး….
ကျုပ်ကို ခေါင်ရည်နည်းနည်းပါးပါးတိုက်ပါဦး….


ခေါင်လွမ်းသည်တန်ဖဲကိုရင်ဆိုင်မတွေ့ချင်သော်လည်းအစ်မဖြစ်သူဆွန်လွတ်မရော်၏မျက်နှာကို
ပြေးမြင်လိုက်သဖြင့်ခေါင်ရည်ကိုအလိုက်သင့်ငှဲ့ပေးလိုက်၏။
တန်ဖဲသည်ကမ်းပေးလာသောခေါင်ရည်ကို
တစ်ရှိန်ထိုးမော့သောက်လိုက်ပြီးခွက်ကို
ရှေ့သို့ထိုးခံပြန်၏။
ခေါင်လွမ်းကလည်းအစ်မမျက်နှာကြောင့်
အလိုက်သင့်ငှဲ့ပေးလိုက်ပြန်၏။
ခေါင်ရည်ကိုသူ၏ရှေ့တွင်အလွန်အကျွံ
သောက်ပြနေရသည်ကိုပင်တန်ဖဲသည်
အလွန်ဂုဏ်ယူနေပုံရသည်။ခေါင်လွမ်း
အတော်ပင်စိတ်ပျက်သွားမိ၏။
၂၇




ခေါင်ရည်ဝိုင်းမှလှည့်အထွက်ကျန်ရစ်သောတန်ဖဲတပည့်များကခေါင်လွှမ်းကိုလှောင်ပြောင်ရယ်မောကြလေ၏။အစကတည်းကဒီအဖွဲ့ကိုအမြင်မကြည်ခဲ့သောခေါင်လွှမ်းသည်လက်တုံ့ပြန်လိုစိတ်များဟုန်းခနဲထကြွလာသည်။




ခေါင်လွမ်း၏လက်ထဲ၌ရုတ်တရက်ငွေရောင်ဓားတစ်လက် ရောက်လာသဖြင့်တန်ဖဲမျက်လုံးပြူးသွားလေ၏။
ဟောဒီ ငွေရောင် ဓားလေးဟာအတော် အဖိုးတန်တယ်လို့တရုတ် ကုန်သည်ကြီးတစ်ဦးကအကဲ ခတ်ပြီးပြောသွားခဲ့ဖူးတယ် ခင်ဗျားကိုယောက်ဖတစ်ယောက် အနေနဲ့ဖဝါလက်ဆောင် မပေးရသေးဘူး
ဒါကြောင့် ဒီလက်ဆောင်လေး ကိုလက်ခံပါ
ငွေရောင်ဓားလေးသည်အလွန်လျင်မြန်သော အရှိန်ဖြင့်တန်ဖဲရှိရာသို့ပြေးထွက်သွားလေ၏။

အနီးမှလူများအားလုံးမမျှော်လင့်သောခေါင်လွမ်း၏လုပ်ရပ်ကြောင့်လူတစ်ချို့လန့်ချပ်ပြီးအော်ဟစ်မိကြ၏။

